ရခိုင်ပြည်အမျိုးသားကောင်စီ
Arakan National Council
Head Office, Email: anc.hq1@gmail.com

# NCA လက်မှတ်ရေးထိုးရေးနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေ့စွဲ - ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်

ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) သည် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) အား ရေးသားပြုစုရာတွင် အခြားတိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများနည်းတူ ကနဦးအစကပင် ပါဝင်လာခဲ့သည်။

လက်ရှိအတည်ပြုကျင့်သုံးလျက်ရှိသော NCA သည် အစိုးရတပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများအားလုံးကြား နှစ်ဖက်လက်ခံနိုင်သော မူချောအဆင့်သို့ မရောက်ရှိသေးမီ အတည်ပြုခဲ့ခြင်းဖြစ်သည့်အတွက် ဤစာချုပ်တွင် ဝိဝါဒကွဲပြားစရာများ ပါရှိနေပါသည်။ သို့ဖြစ်၍ NCA စာချုပ် အကောင်အထည်ဖော်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) မှတဆင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင်(PC)ထံသို့ အဆိုပြုချက် (၈) ချက်တင်သွင်းပြီး (၁၇) လကျော်ကြာ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

UNFC မှ တင်ပြခဲ့သော အဆိုပြုချက် (၈) ချက်နှင့်ပတ်သက်၍ ယနေ့အချိန်ထိ ကျေနပ်လောက်သော ရလာဒ်ကောင်းများ မရှိခဲ့သည့်တိုင် ထိုဆွေးနွေးပွဲရလာဒ်များကို နှစ်ဦးနှစ်ဖက် ဂုဏ်သရေရှိစွာဖြင့် စနစ်တကျ နိဂုံးချုပ်နိုင်ရေး အတွက် UNFC အတွင်း၌ လည်းကောင်း၊ အစိုးရနှင့် တပ်မတော်ခေါင်းဆောင်များအား လည်းကောင်း ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် ကိစ္စများကို စဉ်ဆက်မပြတ် အကြံပြုတင်ပြခဲ့ပါသည်။

မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့အနေဖြင့် တဖွဲ့ချင်း လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ခဲ့ချိန်တွင် UNFC အဖွဲ့ဝင် အဖွဲ့အစည်းများကြား သွေးစည်းညီညွတ်မှု မထိခိုက်စေရန်အတွက် NCA စာချုပ်တွင် အားလုံးလိုက်ပါရေးထိုးနိုင်သော အခင်းအကျင်းတရပ် ဖြစ်ပေါ်လာစေရန် အစွမ်းကုန် ကြိုးပမ်းခဲ့ပါသည်။ အနိမ့်ဆုံးအဆင့်အားဖြင့်

- UNFC ထိပ်သီးခေါင်းဆောင်များနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တို့ကြား အနည်းဆုံး (၁) ကြိမ်ခန့် တွေ့ဆုံညှိနှိုင်းမှုဖြစ်ပေါ်စေရန်၊
- "ဖက်ဒရယ်ဒီမိုကရေစီ" ဆိုသည့် ဝေါဟာရနှင့်ပတ်သက်သော အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အခြေခံမူများအား နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွင် ဆက်လက်ဆွေးနွေးရမည့် အကြောင်းအရာတခုအဖြစ် မှတ်တမ်းတင်ပေးရန် နှင့်
- KNPP တပ်ဖွဲ့ဝင် (၃) ဦးနှင့် ကရင်နီအရပ်သား (၁) ဦး သတ်ဖြတ်မီးရှို့ခံရသည့်အပေါ် အမှန်တရားနှင့် တရားမျှတမှုတို့ ပေါ်ပေါက်ရေးအတွက် တန်းတူရေးအခြေခံဖြင့် နှစ်ဖက်ညှိနှိုင်းအဖြေရှာမည်ဟု ကတိကဝတ်ပြုရန်

ဆိုသည့် အချက်များအပေါ်တွင် အခြေခံလျက် NCA စာချုပ်အား UNFC အဖွဲ့ဝင် အဖွဲ့အစည်းများအားလုံး တစုတဝေးတည်း လက်မှတ်ရေးထိုးနိုင်ရန် နည်းလမ်းရှာဖွေပေးခဲ့ပါသည်။

သို့ရာတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင် တာဝန်ရှိသူများနှင့် ချိတ်ဆက်ညှိနှိုင်းသည့်အခါ

- DPN နှင့် PC အဆင့်တွင် ထစ်ဆို့နေသော အချက်ကို နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံညှိနှိုင်းပြီး အဖြေရှာနိုင်ရန် အခွင့်အလမ်းမပေးတော့ဘဲ NCA လက်မှတ်ရေးထိုးမည်ဟု ကြိုတင်ကတိပေးပြီးမှသာ တွေ့ဆုံခွင့်ပေးမည်ဆိုသဖြင့် နှစ်ဖက်ညှိနှိုင်းဆွေးနွေးသည့်သဘော မဆောင်တော့ခြင်း၊
- နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) ၏ အဆိုပြုချက် (၈) ချက်အား DPN နှင့် PC ကြား တရားဝင် နိဂုံးချုပ်ရန် အခြေအနေမပေးခြင်းနှင့်
- တန်းတူရေး အခြေခံဖြင့် အားလုံးလိုက်ပါနိုင်သော အခင်းအကျင်းမရှိခြင်း

တို့ကြောင့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် ကျင်းပမည့် NCA လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ANC အနေဖြင့် ပါဝင်တက်ရောက်နိုင်ခြင်းမရှိပါကြောင်း ပြည်သူလူထုနှင့် မဟာမိတ်များအား အသိပေးအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ရခိုင်ပြည်အမျိုးသားကောင်စီ (ANC)